**Legal Aid Network**

**ဥပဒေ အထောက်အကူပြုကွန်ရက်**

Email:- legalaidnetwork@gmail.com website:- legalaidnetwork.org


## တော်လှန်ရေးအဖွဲ့အစည်းအချို့က စစ်ကောင်စီနှင့် ဆွေးနွေးရန် ထုတ်ဖော်မှု အပေါ် ဥပဒေစိုးမိုးရေး ရှုထောင့်မှ သုံးသပ်ထုတ်ပြန်ချက်

တော်လှန်ရေးအဖွဲ့ များ၏ နိုင်ငံရေးဦးတည်ချက်(၆)ချက်ကို စစ်ကောင်စီကလက်ခံပါက အာဏာလွှဲပြောင်းခြင်းကိစ္စရပ်တွေအတွက် ဆွေးနွေး မည်ဖြစ်ကြောင်း KNU၊ KNPP၊ CNFနဲ့NUG တို့က ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ဘုံ သဘောထားထုတ်ပြန်ခဲ့ကြသည်။ ယင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သုံးသပ်အပ်ပါသည်။

(က) မင်းအောင်လှိုင်ခေါင်းဆောင်သည့် စစ်ကောင်စီတပ်သည် အထွေထွေနိုင်ငံတကာဥပဒေသ (Jus Cogen) အရ လုံးဝကင်းလွတ်ခွင့်မရသည့် နိုင်ငံတကာအဆင့်ပြစ်မှုကြီးများကို ကျူးလွန်ခဲ့/ ကျူးလွန်လျက်ရှိသည်။ ပြည်တွင်းဥပဒေအရလည်း ထိုအချိန်တွင်တည်ဆဲဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် ဆန့်ကျင်လျက် စစ်အာဏာသိမ်းမှုသည် နိုင်ငံတော်ပုန်ကန်မှုကို ကျူးလွန်ခြင်းဖြစ်သည်။

(ခ) စစ်ကောင်စီနှင့်ဆွေးနွေးမည်ဆိုပါက ၎င်းတို့ကျူးလွန်ခဲ့သည့်ပြစ်မှုကြီးမျးကိုကင်းလွတ်ခွင့်ပေးရမည်ဖြစ်သည်။ သို့ဖြစ်ပါက နိုင်ငံတကာအဆင့်ပြစ်မှုကြီးများကိုဆိုးဝါးပြင်းထန်စွာကျူးလွန်ခံခဲ့ကြရသော တိုင်းရင်းသားပြည်သူ လူထုတရပ်လုံးအတွက် တရားမျှတမှုမည်သည့်အခါမျှ ရနိုင်တော့မည်မဟုတ်ပါ။ ပြစ်မှုကြီးများအား ကျူးလွန်ပြီးနောက် လွတ်ကင်းခွင့်ရနေသည့် အခြေအနေဆိုးကြီး ဆက်လက်လွှမ်းမိုးနေမည်။ နောက်ထပ်ပြစ်မှုကြီးများ ဆက်လက်ကျူးလွန်စေရန် ပံ့ပိုးပေးရာ ရောက်နေသည်။ ယင်းမှာ ဥပဒေစိုးမိုးရေးကို အလုံးစုံမျက်ကွယ်ပြုခြင်းဖြစ်သည်။တော်လှန်ရေး အဖွဲ့အစည်းဟု ခံယူထားသည့် အထက်ပါအဖွဲ့အစည်းများအားလုံးအနေဖြင့် ဥပဒေစိုးမိုးရေးကို ဆန့်ကျင်ကြောင်း ထင်ရှားနေသည့်ပြုမူမှုမျိုးအား မပြုသင့်ပါ။ ပြိုကျရန် ယိမ်းယိုင်နေသည့်အုတ်နံရံကြီးအား ဝါးလုံးကလေးများဖြင့် ကျားကန်ပေးနေသလို ဖြစ်နေသည်။

(ဂ) စစ်ကောင်စီ နှင့် ဆွေးနွေးခြင်းအားဖြင့် ၎င်းတို့က အသာတကြည် အာဏာလွှဲပေးလိမ့်မည် ဟူသည်မှာ စိတ်ကူးယဉ်အိပ်မက်မျှသာ ဖြစ်သည်။ မည်သည့်အခါမျှ ဖြစ်လာလိမ့်မည်မဟုတ်ပါ။ မည်သူ့လက်ဝယ်သို့လွှဲပြောင်းပေးရမည်နည်းဟုစစ်ကောင်စီက မေးမြန်းလျှင်ပင် ပြန်ဖြေရန် မိမိတို့ အချင်းချင်းအကြား တိကျစွာ ညှိနိုင်း သဘောတူထားခြင်းမရှိသေး။

အာဏာလွှဲပြောင်းရေး ဟူသည်နှင့် စပ်လျဉ်း၍ ဆွေးနွေးသင့်သည်မှာ လူထုများ၊ လူထုအသင်းအဖွဲ့များနှင့် ဖြစ်သည်။ ၎င်းတို့အား အတိအလင်းအသိပေး၊ ပါဝင်ခွင့်ပေးပြီး အကြေအလည်ညှိနိုင်းဆွေးနွေးကြရန်ဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူထု၏ အခွင့်အရေးဖြစ်သည်။တိုင်းရင်းသားပေါင်းစုံ လူထု၏ အခန်းကဏ္ဍကို မြှင့်တင်ရမည့် အချိန်ဖြစ်သည်။ စစ်ကောင်စီဦးဆောင်နေသည့် တပ်မတော် ဆက်လက်ပြိုကွဲပြီး ၎င်းတို့က တိုင်းပြည်အာဏာကို မထိမ်းနိုင်တော့ဘဲ ပြိုကျသွားပါက အာဏာလစ်ဟာမှု မဖြစ်အောင်စနစ်တကျ ပြင်ဆင်ကြရန်သာ ရှိပါသည်။

## ဥပဒေအထောက်အကူပြုကွန်ရက်၏ တင်ပြချက်

(၁) ပြည်နယ်အသီးသီးတွင် မတူကွဲပြားသော ဒေသခံ တိုင်းရင်းသားလူမျိုးအသီးသီး နှင့် ဥပဒေအရ နိုင်ငံသားများ၊ နိုင်ငံသားပြုခြင်းခံရသူများ၊ ၎င်းတို့ကို ကိုယ်စားပြုထားသည့်နိုင်ငံရေး အဖွဲ့အစည်းများ၊ စစ်ကောင်စီကို ခုခံတော်လှန်တိုက်ပွဲဝင်လျက်ရှိသောအင်အားစုများ စုပေါင်းကာ ဥပဒေစိုးမိုးရေးအခြေခံတွင် (ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုကျင့်သုံးမည့်) သက်ဆိုင်ရာပြည်နယ်၏ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်လာစေခြင်းဖြင့် ဥပဒေလမ်းကြောင်းအပေါ် တက်လှမ်းရန်။

(၂) ပေါ်ပေါက်ခဲ့ပြီး ဖြစ်သော ဖက်ဒရယ်ဖွဲ့စည်းအခြေခံဥပဒေမူကြမ်းများ၊ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်ပါ ကောင်းမွန်သည့် ပြဋ္ဌာန်းချက်များ၊ အထက်ပါ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ အပေါ်အခြေပြုပြီး ကြားကာလ ဖက်ဒရယ်ဖွဲ့စည်းပုံ ကို ရေးဆွဲအတည်ပြုရန်။

(၃) ကြားကာလ ဖက်ဒရယ်ဖွဲ့စည်းပုံ နှင့် အညီ ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုလွှတ်တော်အသစ်၊ ပြည်ထောင်စုအစိုးရအသစ်၊ နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အသစ်တို့ကို ဖွဲ့စည်းတည်ထောင် လည်ပတ်ရန်။

(၄) အထက်ပါ တိုင်းပြည်ယန္တရားများ (State Organs) နှင့် တိုင်းပြည်အဆောက်အအုံများ (State Institutions) တို့ဖြင့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသစ်ကို တည်ထောင်လိုက်ပြီ ဖြစ်ကြောင်း ကြေငြာရန်။

# ဥပဒေအထောက်အကူပြုကွန်ရက်

ဖေဖော်ဝါရီလ (၂) ရက် ၂၀၂၄ ခုနှစ်

အသေးစိတ်သိလိုပါက ဆက်သွယ်ရန်
ဦးအောင်ထူး၊ (လူ့အခွင့်အရေးရှေ့နေ၊ ဥပဒေအထောက်အကူပြုကွန်ရက် တည်ထောင်သူ)
ဦးကျော်ကျော် (မဟာမြူပြာ နှင့် မူဝါဒရေးရာ အတိုင်ပင်ခံ)

တယ်လီဖုံး ၄၆ (၀) ၇၆ ၆၄၀ ၈၀၄၂
ဝက်ဘ်ဆိုက် legalaidnetwork.org
Email legalaidnetwork@gmail.com